# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 21, 2024 | Volume 81, Number 15


၂၁.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၄.၃ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၃၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၉.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိကပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက ကျားပျံစပါး အမျိုးအစားတင်းရေ ၅၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ကျားပျံစပါးအမျိုးအစားတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၈၅,၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ စပါးတွေဆန်တွေနဲ့ အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကျားပျံစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အဲဒီ စပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုများခဲ့တာ ဖြစ်ပါတယ်။ ကျားပျံစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိကပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇူလိုင်လတစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး အမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂,၂၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက်

တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ကျိုက်လတ်မြို့နယ်ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာကပြောပြသည်။

ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် တိုင်ထောင်ပဲသီးများ ဩဂုတ်လပထမပတ်မှစ၍ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် တိုင်ထောင်ပဲသီး ၂၅ ပိဿာမှ ပိဿာ ၃၀ ထိ အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

“ကျိုက်လတ်မြို့နယ်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေပါတယ်။ တိုင်ထောင်ပဲသီး တစ်ရက်ကို ပိဿာချိန် ၃၀ ထိရောင်းချနေရပါတယ်။ အခုလို ကျိုက်လတ်မြို့နယ်ထွက် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်”ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာကပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက်ရာသီကုန် ဟင်းသီးဟင်းရွက်များပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူမှုများလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသတွင်းရောင်းချရသည့်အတွက် သယ်ယူစရိတ်သက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့်များစွာ အကျိုးကျေးဇူးများရှိကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာကပြောပြ၍သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၈၀၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၉၅၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၉၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်”ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြ၍သိရသည်။ မအူပင်မြို့နယ်အတွင်း ရှမ်းပြည်နယ်မှကြက်သွန်ဖြူများ ဝင်ရောက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်ဇူလိုင်လက ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ကြက်သွန်ဖြူ တစ်ရက်လျှင် ပိဿာချိန် ၄၀၀ ထိသာ အရောင်းအဝယ်ရှိခဲ့ပြီး ဩဂုတ်လပထမပတ်မှ ဩဂုတ်လ ၂၀ ရက်ထိ တစ်ရက်လျှင် ကြက်သွန်ဖြူပိဿာချိန် ၆၅၀ ထိ အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"ကြက်သွန်ဖြူက ဩဂုတ်လပထမပတ်လောက်ကတည်းက အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိမှာ မအူပင်မြို့နယ်ကို ရှမ်းပြည်နယ်ကနေထွက်တဲ့ ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်လျက်ရှိပါတယ်။ လက်ရှိမှာ ကြက်သွန်ဖြူ တစ်ပိဿာကို ငွေကျပ် ၉၅၀၀ ကနေ ၁၁,၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်" ဟု မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် ကြက်သွန်ဖြူပွဲရုံများသို့ တစ်ရက်လျှင် ကြက်သွန်ဖြူပိဿာချိန် ၁၅၀၀ မှ ၅၀၀၀ ထိ ဝင်ရောက်နေကြောင်း၊ အဆိုပါ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ လုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## စက်သုံးဆီ အခက် EV အချက်

ပြည်တွင်း၌ မကြာခဏ စက်သုံးဆီပြတ်လပ်မှုများရှိနေခြင်းကြောင့် EV ကားဝယ်ယူရန် စိတ်ဝင်စားမှုများရှိလာကြောင်း EV ကားဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

လက်ရှိတွင် EV ကားဈေးကွက်အတွင်း လပြတ်ဖြင့်ငှားရမ်းမှုများရှိလာသလို အရောင်းအဝယ်သည်လည်း ယခင်ကထက် စိတ်ဝင်စားမှုများရှိလာကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း နိုင်ငံအတွက် ဦးစားပေးတင်သွင်းရန် လိုအပ်သည့်ကုန်ပစ္စည်းများ တင်သွင်းနိုင်ရန်ရည်ရွယ်၍ ဓာတ်မြေဩဇာ၊ လျှပ်စစ်သုံးယာဉ်(Electric Vehicle) များကို ပို့ကုန်ရငွေ (Export Earning) ရှိလျှင် ဦးစားပေးတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

ထို့ကြောင့် ကိုယ်ပိုင် Export ရှိသည့် ကားတင်သွင်းသူများအနေဖြင့် ပို့ကုန်ရငွေဖြင့် EV ကားများကို FESC (ဦးဆောင်ကော်မတီ) ၏ ခွင့်ပြုချက်ကို တန်းစီစောင့်ရန်မလိုဘဲ တင်သွင်းခွင့်ရမည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်အခြေစိုက် ခရီးသည်တင်ယာဉ်လိုင်းတစ်လိုင်းဖြစ်သည့် မန္တလာမင်းယာဉ်လိုင်းသည်လည်း EV Express ယာဉ်တစ်စီးဖြင့် စတင်ပြေးဆွဲပေးနေသည်ကိုလည်း တွေ့မြင်ရသည်။

EV ကားများ စတင်တင်သွင်းခွင့်ပြုသည့်အချိန်မှစ၍ လက်ရှိ ၂၀၂၄ ခုနှစ် မေလကုန်အထိ ကားစီးရေ ၄၃၀၀ ကျော်ရှိကြောင်း သိရသည်။ ယခင်က လျှပ်စစ်မီးအလုံအလောက်မရရှိမှု၊ မကြာခဏနှင့် အချိန်ကြာမြင့်စွာ လျှပ်စစ်မီးပြတ်တောက်မှုများကြောင့် EV ကားနှင့် ပတ်သက်၍ စိတ်ဝင်စားမှုနည်းပါးသည့်အပြင် ဝေဖန်ပြောဆိုမှုများပင် ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုလက်ရှိတွင် လျှပ်စစ်မီးပြတ်တောက်မှုထက် စက်သုံးဆီပြတ်လပ်မှုက ပိုမိုအခြေနေဆိုးနေသည့်အတွက် ပုံမှန်အသုံးပြုနေကျ ဆီကားများထက် EV ကားများကို ဝယ်ယူရန် စိတ်ဝင်စားမှု မြင့်တက်လာသည်ကို စုံစမ်းသိရသည်။

၂၀၂၃ ခုနှစ်တွင် EV ကား ပေါ်လစီကြေညာချိန်၌ ပထမဆုံး လိုင်စင်ရကုမ္ပဏီ ၉ ခုရှိပြီး နောက်ပိုင်းတွင် တင်သွင်းခွင့်ရ ကုမ္ပဏီပေါင်း ၈၀ ကျော်အထိ ရှိလာကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/

## ပြည်တွင်း ဆန်၊ စပါးဖူလုံမှု အပြည့်အဝရှိ၍ စိုးရိမ်ရန်မလိုကြောင်း ဆန်စပါးအသင်းဥက္ကဋ္ဌပြော

ပြည်တွင်း၌ ဆန်၊ စပါးဖူလုံမှု အပြည့်အဝရှိသည့်အတွက် စိုးရိမ်ရန်မလိုကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

ဆန်စပါးကို ဈေးနှုန်းတည်ငြိမ်ရန် ဆောင်ရွက်နေသည့်အပြင် ပြီးခဲ့သည့်နှစ်က ဆန်အဟောင်း၊ စပါးအဟောင်းနှင့် နွေစပါးဆန်အသစ်များလည်းရှိသည့်အတွက် ပြည်တွင်းအတွက် ဖူလုံမှုရှိကြောင်းလည်း ၄င်းကဆိုသည်။ “ဆန်လည်း လုံလုံလောက်လောက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မနှစ်က ဆန်အဟောင်းလည်းရှိတယ်။ နွေစပါးပေါ်တဲ့ ဆန်အသစ်လည်း ရှိတယ်။ နေပြည်တော်ကောင်စီအလယ်ပိုင်းဒေသဆိုရင် နွေစပါး အခုပေါ်နေတဲ့အချိန်။ ပြီးခဲ့တဲ့နှစ်က ဆန်အဟောင်း၊ စပါးအဟောင်းလည်းရှိတာဖြစ်တဲ့အတွက် ပြည်တွင်းဖူလုံမှုက အပြည့်အဝရှိပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်စရာတော့ မရှိဘူးပေ့ါ။ ဈေးနှုန်းတည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်နေတဲ့ အနေအထားလည်းရှိပါတယ်။ ဒါကြောင့်မို့ ဆန်ဖူလုံမှု အပြည့်အဝရှိတယ်”ဟု ဦးရဲမင်းအောင်ကပြောသည်။

အဓိကကျသည့် ဈေးကွက်ကြီး ၃ ခုဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးသို့ ဆန်အဝင်၊ အထွက် မှန်ကန်ရန်နှင့် ဆန်ဈေးနှုန်းတည်ငြိမ်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လစဉ်ထုတ်သည့် ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်နှင့် ပြည်သူလူထုအတွက် သက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချပေးသည့်အစီအစဉ်များ လုပ်ဆောင်နေကြောင်း သိရသည်။

“ကျွန်တော်တို့လည်း တတ်နိုင်သလောက်လုပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ဆန်စပါးဈေးကွက်ကို ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်တာမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံက ပုဂ္ဂလိကဈေးကွက်စီးပွားရေးစနစ်နဲ့ သွားတာဖြစ်တဲ့အတွက် ဝယ်တာ၊ ရောင်းတာလည်း တောင်သူတွေကလည်း လွတ်လွတ်လပ်လပ်ရောင်းနိုင်တယ်၊ ဆန်စက်ပိုင်ရှင်တွေကလည်း လွတ်လွတ်လပ်လပ်ရောင်းနိုင်တယ်။ ဒါပေမဲ့ အခုတော့ ရည်ညွှန်းဈေးရှိတာဖြစ်တဲ့အတွက် ရည်ညွှန်းဈေးနဲ့အားလုံးရောင်းရတဲ့ အနေအထားရှိတယ်။ ရည်ညွှန်းဈေးကို ကျော်လွန်ပြီးတော့ ဆောင်ရွက်လို့မရတဲ့ အနေအထားရှိပါတယ်။ ဒီအပေါ်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်အောင်လည်း တိုက်တွန်းပြီးစီစဉ်နေပါတယ်”ဟု ၄င်းကပြောသည်။

လက်ရှိတွင် ဆန်ဈေးအနေဖြင့် တည်ငြိမ်သည့်အနေအထားတစ်ခုရှိနေပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းက သတ်မှတ်ထားသည့် ဆန်ဆိုင်များ၌ ပေါ်ဆန်းဆန်တစ်ပြည် ၅၀၀၀ ကျပ်၊ ဧည့်မထဆန် တစ်ပြည် ၃၀၀၀ ကျပ်ဖြင့် ရောင်းချပေးနေကြောင်းလည်း သိရသည်။

ထို့ပြင် ရေလွှမ်းမှုကြောင့် ပြန်လည်စိုက်ပျိုးရန် လိုအပ်သည့်စပါးစိုက်ခင်းများကို အတိုးမဲ့မျိုးစပါးနှင့် ဓာတ်မြေသြဇာဖိုးငွေ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ထားကြောင်းလည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ထံမှ သိထားရသည်။

**Source:** https://www.popularmyanmar.com/

## စင်္ကာပူနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံနှင့်အတူ ကျန်းမာရေးနှင့်ညီညွတ်သော ဆန်မျိုးများတီထွင်ရန် ကြိုးပမ်းလျက်ရှိ

စင်္ကာပူနိုင်ငံသည် မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသော ဆန်မျိုးများကို တီထွင်ရန်နှင့် အာရှတစ်ဝန်းတွင် ပျံ့နှံ့နေသောဆီးချိုရောဂါကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော စပါးမျိုးများကို ပြုစုပျိုးထောင်ရန် ဖိလစ်ပိုင်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဩဂုတ်လ ၁၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ သုံးရက်ကြာ နိုင်ငံတော်ခရီးစဉ် အပြီးတွင် နိုင်ငံတကာဆန်စပါးသုတေသနဌာန (IRRI)၌ သမ္မတ Tharmanshanmugratran က ဇီဝမျိုးစုံ မျိုးကွဲများနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို ကာကွယ်ရန်အတွက် နယ်ပယ်အများအပြားတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေကြောင်း ပြောကြား ခဲ့သည်။



မိုးခေါင်ခြင်း၊ အပူလှိုင်းနှင့်ကုန်းတွင်းပိုင်းဒေသများသို့ ရွှေ့လျားလာသော ပင်လယ်ရေမှ ဆားငန်ဝင်ရောက်မှုတို့သည် အာရှနှင့်အာဖရိကရှိ ဆန်စပါးစိုက်ပျိုးသူများကို ခြိမ်းခြောက်လျက်ရှိကြောင်း သုတေသီများကတွေ့ရှိခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများစွာရှိ ကလေးသူငယ်များအကြား အာဟာရချို့တဲ့မှုကို ကိုင်တွယ်ဖြေရှင်းရန် မြင့်မားသောပရိုတင်းဓာတ်များပါဝင်သော ဆီးချိုရောဂါဒီရေကို တွန်းလှန်ရန်အတွက် glycemic index (GI) ရမှတ်နည်းပါးသော ကျန်းမာရေးနှင့်ညီညွတ်သည့် ဆန်မျိုးများလိုအပ်ကြောင်း၊ စင်္ကာပူနိုင်ငံရှိ Temasak Life Science Laboratory သည် အဆိုပါပြဿနာများ ကိုဖြေရှင်းရန်အတွက် ဆန်မျိုးကွဲအသစ်များတီထွင်ထုတ်လုပ်ရန် IRRI နှင့်ပူးပေါင်းဆောင်ရွက်နေကြောင်း မစ္စတာ Tharmar ကပြောကြားခဲ့သည်။

IRRI မှ သုတေသီများသည် အောင်မြင်မှုတချို့ရရှိခဲ့သည်။ စပါးစေ့များ၏ GI လွှမ်းမိုးမှုရရှိသော မျိုးဗီဇများကို ဖော်ထုတ်ပြီးနောက် GI အဆင့်နိမ့်သော လူကြိုက်များသည့် စပါးမျိုးများကို စိုက်ပျိုးနိုင်ခဲ့သည်။ ထိုဆန်မျိုးများသည် အာရှနှင့်ကမ္ဘာတစ်ဝန်းတွင် မြင့်တက်နေသည့် ဆီးချိုရောဂါအပါအဝင် အာဟာရချို့တဲ့မှုနှင့် အဝလွန်ခြင်းအပါအဝင် ပြဿနာများစွာကို ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း မစ္စတာသာမန်က မှတ်ချက်ပြုခဲ့သည်။

**Source: thestraitstimes**

**Source:** https://www.doca.gov.mm

## ဗီယက်နမ်နိုင်ငံသည် ၉ နှစ်ဆက်တိုက် ကုန်သွယ်ရေးပိုငွေရနိုင်ကြောင်း ကျွမ်းကျင်သူများခန့်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် လက်ကျန်လများကို ဇန်နဝါရီလမှဇူလိုင်လအတွင်း တင်ပို့မှုကြီးထွားနှုန်းကို ထိန်းထားနိုင်ပါက ၂၀၂၄ ခုနှစ်တွင် ၉ နှစ်ဆက်တိုက် ကုန်သွယ်ရေးပိုငွေရရှိနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းပြောကြားခဲ့ကြသည်။ အဆိုပါ ၇ လတာကာလတွင် နိုင်ငံ၏တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၂၆ ဒသမ ၉၈ ဘီလီယံရှိခဲ့ပြီး ၁၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာကာ ကုန်သွယ်ရေးပိုငွေ ၁၄ ဒသမ ၀၈ ဘီလီယံရရှိခဲ့ကြောင်း အထွေထွေစာရင်းအင်းရုံး၏ အဆိုအရသိရသည်။ ကျွမ်းကျင်သူများက ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၁၀ ဘီလီယံတန်ဖိုးရှိသည့် ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ပြီး ၂၀၂၄ ခုနှစ် တစ်နှစ်စာလုံးအတွက် ကုန်သွယ်ရေးပို့ငွေအား အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံကျော် ရရှိခံစားနိုင်သည်ဟုခန့်မှန်းထားကြသည်။ ကုန်သွယ်ရေးပို့ငွေရရှိမှုမြင့်တက်လာခြင်းသည် နိုင်ငံဘဏ္ဍာရေး စိတ်ချရမှုရှိရေးအတွက် နိုင်ငံ၏ငွေပေးချေမှုနှင့် နိုင်ငံတကာအရန်ငွေတွင် ဟန်ချက်ညီမျှတို့တွင် တိုးတက်လာနိုင်ကြောင်း သိရသည်။ ယခုနှစ်၏ ပထမ ၇ လတွင် တင်ပို့မှု အခု ၃၀ မှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရရှိခဲ့ကြောင်းသိရသည်။ တင်ပို့မှု ၇ ခုမှ အမေရိကန် ဒေါ်လာ ၈ ဘီလီယံရရှိခဲ့ပြီး ကွန်ပျူတာ၊ အီလက်ထရောနစ်ထုတ်ကုန်နှင့် အစိတ်အပိုင်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉ ဘီလီယံနီးပါး၊ တယ်လီဖုန်းနှင့် အစိတ်အပိုင်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄ ဘီလီယံနှင့် စက်များ၊ စက်မှုပစ္စည်းကိရိယာများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၆ ဘီလီယံကျော်ရရှိခဲ့ကြောင်းသိရပါသည်။

ထုတ်ကုန်များစွာ၏တင်ပို့မှုမှ သိသာစွာကြီးထွားမှုရှိခဲ့ပြီး ကော်ပီ ၅၁ ဒသမ ၉ ရာခိုင်နှုန်း၊ ဆန် ၁၈ ဒသမ ၂ ရာခိုင်နှုန်း၊ ငရုတ်ကောင်း ၄၅ ရာခိုင်နှုန်း၊ ရော်ဘာ ၁၄ ဒသမ ၈ ရာခိုင်နှုန်း၊ ပီလောပီနံနှင့် ပီလောပီနံထုတ်ကုန် ၁၃ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးကြီးထွားခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် ဆန်၊ ငရုတ်ကောင်း၊ အဝတ်အထည်တို့ကဲ့သို့သော ထုတ်ကုန်များတွင် ကမ္ဘာ့ထိပ်တန်းတင်ပို့သူများထဲတွင် ပါဝင်လျက်ရှိပြီး တင်သွင်းမည့်ဈေးကွက်များ၏ လိုအပ်ချက်ကိုက်ညီရန် ထုတ်ကုန်၏အရည်အသွေး ဆက်လက်တိုးတက်နေစေရန် နိုင်ငံအတွက် အလွန်အရေးပါသည်ဟုသိရသည်။ ကုမ္ပဏီများအနေဖြင့်လည်း ဈေးကွက်တစ်ခုတည်းနှင့် အနည်းငယ်အပေါ်တွင် စွန့်စားမှီခိုနေရမှု လျှော့ချရန်အလို့ငှာ အရှေ့အလယ်ပိုင်းဒေသ အာဖရိကနှင့် တောင်အမေရိက အစရှိသည့်ဈေးကွက်များသို့ဖြန့်ခွဲရန်နှင့် တိုးချဲ့ရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက အကြံပြုခဲ့ကြသည်။

**Source : VietnamPlus** https://www.doca.gov.mm

# STOCK EXCHANGE (21.8.2024)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Aug. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,886 (Shares) | 19,216,400 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,900 | 9,000 | 8,900 | 380 | 3,388,200 | 33,109,694 | 297,987 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,500 | 3,550 | 3,500 | 1,095 | 3,837,550 | 38,929,150 | 138,199 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 132 | 237,600 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 578 | 1,623,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,230 | 2,102,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,200 | 2,471 | 8,027,150 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.62 | -0.34 | -0.08% | 408.18 | 410.62 | 408.18 | 5,886 | 19,216,400 | 8 | 774,510 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Aug. 2024

| Trading Volume | Trading Value |
|---|---|
| 6,045 (Shares) | 24,781,400 (MMK) |

## Main Board

As of 1:00 pm, 21st Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,886 (Shares) | 19,216,400 (MMK) |

| MYANPIX | 410.62 ▼ 0.34 |
|---|---|
| Total Volume (shares) | 5,886 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 774,510 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |